ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်

Yangon Protestant Reformed Church

တနင်္ဂနွေစာစောင်၊ နံပတ် (၁၀၆)

နေ့စွဲ – ၆. ၅. ၂၀၁၂

## သခင်ဘုရား၏ညစာပွဲတော်မင်္ဂလာတွင် ခရစ်တော်ရှိနေပုံအကြောင်း

(The Presence of Christ in the Lord's Supper)

ဘုရားသခင်၏မိသားစုညီညွတ်ခြင်းကို သင်္ကေတပြုနေသည့် သခင်ဘုရား၏ညစာပွဲတော်မင်္ဂလာသည် အသင်းတော်များအကြား အများအပြားကွဲပြားစေသည့်၊ အငြင်းပွားမှုများကိုဖြစ်စေသည့် အကြောင်းအရင်းတခုဖြစ်နေရခြင်းမှာ အတော်ပင်ဝမ်းနည်းစရာကောင်းလှပါသည်။ သို့သော် ထိုသို့ဖြစ်စေရသည့်အကြောင်းအရင်းများသည် အရေးမကြီးသောကိစ္စလေးများတော့မဟုတ်ပါ။

အဓိကအငြင်းပွားကြသည့်မေးခွန်းမှာ သခင်ဘုရား၏ညစာပွဲတော်မင်္ဂလာတွင်/မင်္ဂလာ၌ ခရစ်တော် ရှိနေပါသလော၊ မည်သို့မည်ပုံရှိနေသနည်း စသည့်မေးခွန်းတို့နှင့်ပတ်သက်သောမေးခွန်းဖြစ်ပါသည်။ ဤပြဿနာအပေါ်ထားသော ကျွန်တော်တို့၏အမြင်များက ညစာပွဲတော်ကို မည်သို့အသုံးပြုကြပါသနည်းဆိုသည်ကို ကြီးစွာသက်ရောက်လာပါမည်၊– အယူသီးခြင်းဖြင့်သုံးသလော၊ ယုံကြည်စွာနှင့်သုံးသလော၊ ဂရုမစိုက်စွာနှင့်သုံးသလော (သို့) ဂရုတစိုက်နှင့်လော စသည်တို့အပေါ်သက်ရောက်ပါမည်။

ခြားနားသောအမြင်များမှာ အောက်ပါအတိုင်းဖြစ်သည်၊–

ရိုမန်ကက်သလစ်တို့အမြင်၊ ၎င်းတို့က ပွဲတော်ကို *ထရန်စပ်စတန်တီယေးရှင်း*(transubstantiantion)ဟုခေါ်ပါသည်။ အဓိပ္ပါယ်မှာ ညစာပွဲတော်မှ မုန့်နှင့်စပျစ်ရည်သည် ဘုန်းတော်ကြီးက ကောင်းချီးပေးလိုက်သည်နှင့် ခရစ်တော်၏တကယ့်အသွေးနှင့်အသားသို့ ပြောင်းသွားသည်ဟုဖြစ်သည်။ ဤအမြင်က ယုံကြည်ခြင်းကို ဘေးဖယ်ထားလိုက်သည်၊ အားလုံးက ခရစ်တော်ကိုလက်ခံဖို့လုပ်စရာလိုသည်မှာ မုန့်နှင့်စပျစ်ရည်ကိုစားလိုက်ယုံဖြစ်သည်။ ထိုအမြင်က "မတ်စ်"(Mass)ဩဝါဒ၏အခြေခံသွန်သင်ခြင်းကိုချမှတ်ပေးသည်၊ ပွဲတော်၌သုံးသောမုန့်သည် ခရစ်တော်၏အသားအဖြစ်ပြောင်းသွားပြီဖြစ်သဖြင့်၊ မုန့်ကိုချိုးဖဲ့သောအခါ၊ ခရစ်တော်၏ယဇ်ပူဇော်ခြင်းသည်နောက် တကြိမ်ပြန်ဖြစ်လာသည်ဟုသင်ပေးသည်။ "မတ်စ်"၏အဓိပ္ပါယ်သည် ယဇ်ပူဇော်ခြင်းဖြစ်သည်။

"မာတင်လူသာ"နောက်လိုက် လူသရန်အသင်းတော်များ၏အမြင်က၊ ခရစ်တော်၏တကယ့်ခန္ဓာနှင့်အသွေးတို့သည် မုန့်နှင့်စပျစ်ရည်နှင့်အတူ ပါဝင်သည်ဟု သင်ပါသည်။ ၎င်းကို *ကွန်စပ်စတန်တီယေးရှင်း*(consubstantiantion)ဟုခေါ်ပါသည်။ ရိုမန်ကက်သလစ်တို့နှင့်အတော်ဆင်တူပါသည်၊ သို့သော် ၎င်းတို့က မတ်စ်ဝါဒကိုတော့ ထည့်မသွင်းထားပါ။ နှစ်မျိုးလုံးက ခရစ်တော်၏တကယ့်အသွေးနှင့်အသား ပါဝင်သည်ဟုပြောကြပါသည်။

နောက်တအုပ်စု၏အမြင်မှာ ယနေ့ခေတ် ဧဝံဂေလိအဖွဲ့များ၏အမြင်ဖြစ်သည်၊ ၁၆ ရာစုနှစ်က ဆွစ်ဇာလန်နိုင်ငံ အသင်းတော်ပြန်လည်ပြုပြင်သူ အူလ်ရစ်ချ် ဇွင်လီ(Ulrich Zwingli)၏အမြင်နှင့်အတူတူဖြစ်သည်။ ထိုအမြင်က ခရစ်တော်သည် ပွဲတော်မင်္ဂလာတွင် မည်သည့်ပုံစံနှင့်မျှ မပါပါ၊ ၎င်းသည် ခရစ်တော်၏အသေခံခြင်းကို အောက်မေ့ဘွယ်အတွက်သာကျင်းပခြင်းဖြစ်သည်၊ သတိရဖို့သာကျင်းပခြင်းဖြစ်သည်ဟု သင်ပေးပါသည်။ ရိုမန်ကက်သလစ်နှင့်လူသာရန်တို့၏အမှားကို ရှောင်ချင်၍ ထိုသို့သင်ပေးသော်လည်း ကျမ်းစာနှင့်မညီသောသွန်သင်ခြင်းသာဖြစ်သည်ကို မကြာမီတွေ့ရပါမည်။ ထို့အပြင် ထိုအမြင်က အဘယ့်ကြောင့် သခင်ဘုရား၏ညစာပွဲတော်မင်္ဂလာကို ဂရုထားကြီးစွာဖြင့် ကျင့်သုံးရမည့်အကြောင်းကို ရှင်းမပြပါ။ အကယ်၍ ညစာပွဲတော်မင်္ဂလာသည် အောက်မေ့သတိရယုံမျှသာဖြစ်လျှင်၊ မိမိကိုယ်ကိုစမ်းစစ်ခြင်းနှင့် "ကျိန်ခြင်းခံရမည်"ကိုကြောက်ရွံ့ရခြင်းတို့ လိုအပ်မည် မဟုတ်ပါ (၁ကော ၁၁း၂၉)။

သခင်ဘုရား၏ညစာပွဲတော်မင်္ဂလာကို ရီဖေါ့မ်ယုံကြည်ချက်က တွေ့မြင်ပုံမှာ၊– ခရစ်တော်သည် ညစာပွဲတော်မင်္ဂလာတွင် တကယ်ပင်ရှိနေပါသည်၊ သို့သော် ဝိညာဉ်အားဖြင့်သာရှိနေပါသည်၊ တကယ့်အသွေးအသားကိုယ်ခန္ဓာနှင့်တော့မဟုတ်ပါ။ နောက်တနည်းဖြင့်ပြောရလျှင် သူသည် ဘုရားသခင့်လူတို့၏ယုံကြည်ခြင်းသို့ ရှိနေခြင်းဖြစ်သည်၊ သူသည် သူတို့နှင့်မိတ်သဟာယဖွဲ့သည်၊ ယုံကြည်ခြင်းအားဖြင့် သူတို့ကို ကျွေးမွေးပါသည်။ သူသည် မုန့်နှင့်စပျစ်ရည်ကိုသုံးလျှက် သူတို့၏ယုံကြည်ခြင်းကို သူ့ထံသို့ပြည့်ဆွန်ပါ သည်။

ထိုရီဖေါ့(မ်)အမြင်ကို ၁ကော ၁၁း၂၉ တွင် ရှင်းလင်းစွာပြောပြပါသည်။ ၎င်းက ညစာပွဲတော်မင်္ဂလာတွင် "သခင်ဘုရား၏ကိုယ်ခန္ဓာကို ချင့်ချိန်နားလည်ခြင်း"ဟုပြောထားပါသည်။ ထို့အတူ ညစာပွဲတော်မင်္ဂလာကိုခန့်အပ်စဉ်ပြောခဲ့သော သခင်ယေရှု၏စကားများတွင်လည်း တွေ့နိုင်ပါသည် "ဤအရာသည် ငါ၏ကိုယ်ခန္ဓာဖြစ်သည်။" ညစာပွဲတော်မင်္ဂလာတွင် ခရစ်တော်ရှိနေသဖြင့်သာ ထိုပွဲတော်မင်္ဂလာကို "သေချာမိမိကိုယ်ကိုမစမ်းစစ်ဘဲ"စားလျှင်၊ သောက်လျှင် ကျိန်ခြင်းကိုခံရခြင်းဖြစ်ပါသည်။ ထို့အတူ ပွဲတော်မင်္ဂလာတွင် ခရစ်တော်ရှိနေ၍သာ ၎င်းသည် ကောင်းချီးမင်္ဂလာခံရရာဖြစ်လာနိုင်ပါသည်။ ကျမ်းစာကသင်ပေးသော ရီဖေါ့(မ်)အမြင်ကသာ သခင်ဘုရား၏ညစာပွဲတော်မင်္ဂလာကို များစွာသောအဓိပ္ပါယ်နှင့်အကျိုးရလဒ်တို့ကို ပေးပါသည်။ ပွဲတော်မင်္ဂလာ၌ ကျွန်တော်တို့သည် သခင်ယေရှုကို သူ၏ပြည့်စုံခြင်းအားလုံးနှင့်အတူ ကျွန်တော်တို့၏ကယ်တင်ရှင်အဖြစ်၊ ကယ်လွှတ်ရှင်အဖြစ် စုံတွေ့ကြပါသည်၊ ပျော်ရွှင်စွာမွေ့လျော်ကြပါသည်။ ထိုသို့ ပွဲတော်မင်္ဂလာကို အသုံးပြုကြရပါမည်။

## ညစာပွဲတော်မင်္ဂလာ၌သုံးသော မုန့်နှင့်စပျစ်ရည်အကြောင်း

(Bread and Wine in the Lord's Supper)

ပွဲတော်မင်္ဂလာနှင့်ပတ်သက်၍ မေးလေ့ရှိသောနောက်မေးခွန်းတခုမှာ "ဗတ္တိဇံမင်္ဂလာတွင် အသုံးပြုသောပစ္စည်း တစ်မျိုးသာ(ရေ)ဖြစ်သော်လည်း၊ အဘယ့်ကြောင့် ညစာပွဲတော်မင်္ဂလာတွင် အသုံးပြုသောပစ္စည်း နှစ်မျိုး(မုန့်နှင့်စပျစ်ရည်)ဖြစ်နေရပါသနည်း?"ဟူ၍ဖြစ်ပါသည်။ ထိုမေးခွန်းသည် ညစာပွဲတော်မင်္ဂလာ၏အဓိပ္ပါယ်နှင့်ပတ်သက်၍ အတော်အရေးကြီးသောမေးခွန်းဖြစ်ပါသည်။

ကျမ်းစာကိုလေ့လာသောအခါ၊ မုန့်(bread = ပေါင်မုန့်)သည် အသက်အတွက်အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်သည်ကိုတွေ့ရပါသည်(မြန်မာလူမျိုးများအတွက်ဆိုလျှင် ထမင်းနှင့်တူပါမည်)။ ထို့အတွက်ကြောင့် ပေါင်မုန့်ကို ကျွန်တော်တို့က လွယ်လွယ်ကူကူ၊ အသက်အတွက်လိုအပ်ချက်ဟု ပြောလေ့ရှိကြပါသည်။ သခင်ဘုရား၏ဆုတောင်းချက်တွင်လည်း "နေ့စဉ်အစာ"ကိုဆုတောင်းပါဟု သင်ပေးထားပါသည်။ ထို့ကြောင့် ကျွန်တော်တို့၏နေ့စဉ်လိုအပ်ချက်များအတွက် ဆုတောင်းခြင်းကိုပြောနေခြင်းဖြစ်သည်။ ထို့ကြောင့် သခင်ဘုရား၏ညစာမင်္ဂလာ၌သုံးသော မုန့်က ခရစ်တော်၏ယဇ်ပူဇော်ခြင်းသည် ကျွန်တော်တို့၏ဝိညာဉ်ရေးရာအသက်အတွက် မရှိမဖြစ် လုံးလုံးလျားလျားလိုအပ်ခြင်းကို ပြသနေပါသည်။ "နေ့စဉ်အစာ"မစားရဘဲ အသက်မရှင်နိုင်ကြသလို၊ ခရစ်တော်မပါဘဲ ကျွန်တော်တို့ အသက်မရှင်နိုင်ကြပါ၊ သူသည် အသက်ကိုပေးသောအစာဖြစ်သည်။

သို့ဆိုလျှင် ဝိုင်(စပျစ်ရည်)ကို မည်သို့နားလည်ရမည်နည်း?

ကျမ်းစာတွင် ဝိုင်(စပျစ်ရည်)က ဖိမ်ကျခြင်း၊ ပေါများခြင်း၊ ဝဖြိုးခြင်း၊ တိုးတက်ကြွယ်ဝခြင်း၊ ဝမ်းမြောက်ခြင်း၊ ပျော်ရွှင်ခြင်း၊ ပွဲလမ်းသဘင်ကျင်းပခြင်းတို့ကို ပုံဆောင်ပါသည် (တရား ၂၈း၅၁၊ ဆာလံ ၁၀၄း၁၅၊ ဟောရှာ ၅၅း၁၊ ယောလ ၃း၁၈)။ ၎င်းက နေ့စဉ်လိုအပ်ချက်ထက်ပို လျှံခြင်းကိုဆိုလိုသည်၊ ဘဝသည် ဖြစ်တည်မှုမျှသာမကကြောင်း ပြသပါသည်။ ဘဝ၏ပျော်ရွှင်ခြင်း၊ ဝမ်းမြောက်နေခြင်း၊ ဝမ်းသာနေခြင်း တို့ကိုပြောပါသည်။

ထို့ကြောင့် သခင်ဘုရား၏ညစာပွဲတော်မင်္ဂလာတွင်သုံးသော စပျစ်ဝိုင်က၊ ခရစ်တော်သည် ကျွန်တော်တို့ဝိညာဉ်အသက်အတွက် မရှိမဖြစ်၊ အခြေခံလိုအပ်ချက်မျှသာ မကပါ၊ ဝိညာဉ်ဘဝအတွက် ဝဖြိုးခြင်း၊ တိုးတက်ခြင်း၊ ဝမ်းမြောက်ခြင်းတို့ကိုလည်း ဖြစ်စေပါသည် ဆိုသည့်အချက်ကို ပြောပြပါသည်။ နောက်တမျိုးပြောရလျှင် စပျစ်ဝိုင်က ဘုရားသခင်သည် ခရစ်တော်အားဖြင့် ကျွန်တော်တို့ လိုအပ်သည်ကိုသာပေးယုံမကပါ၊ အစဉ်အမြဲ "ကျွန်တော်တို့ကတောင်းသည်ထက်၊ မတွေးမိသောအရာများကိုပင် အလျှံအပယ်၊ ပေါများလှစွာ ပေးတော်မူပါသည်"ဆိုသည်ကို ကျွန်တော်တို့အား သတိရစေပါသည်(ဖေက် ၃း၂၀)။ ဘုရားသခင်သည် ဂရုဏာတော်တွင် အလွန်ချမ်းသာပါသည်၊ မိမိလူများကို ပြည့်ဝသော ကျင်နာမှုချစ်ခြင်းဖြင့် ကြည့်ရှုတော်မူပါသည်။

ထို့ကြောင့် သခင်ဘုရား၏ညစာပွဲတော်မင်္ဂလာတွင် အသုံးပြုသောပစ္စည်းနှစ်မျိုးလုံးကို အတူတကွကြည့်လျှင်၊ ခရစ်တော်သည် အရာခပ်သိမ်းဖြစ်ပါသည် ဆိုသောအမှန်တရားကို ထပ်ပြောပြနေပါသည်။ သခင်ဘုရား၏ညစာပွဲတော်မင်္ဂလာက အဓိကသက်သေပေးသည်မှာ ခရစ်တော်သည် ကျွန်တော်တို့၏ကယ်တင်ခြင်းအတွက် အာလဖာနှင့်အိုမီဂါဖြစ်ပါသည်ဆိုသောအချက်ဖြစ်ပါသည်(အာလဖာ၊ အိုမီဂါ ဆိုသည်မှာ အစမှအဆုံးဟုဆိုလိုခြင်းဖြစ်ပါသည်)။ သူသာမပါလျှင် ကျွန်တော်တို့တွင် ဘာမှမရှိပါ။ သူနှင့်အတူဆိုလျှင် ကျွန်တော်တို့တွင် အားလုံးရှိပါသည်။ ထို့ကြောင့် သူကိုသာလျှင်၊ သူတပါးတည်းသာလျှင် ကျွန်တော်တို့က တောင့်တဖို့ထိုက်တန်ပါသည်၊ ရှာဖွေဖို့၊ ချစ်ဖို့၊ အမှုဆောင်ဖို့ ထိုက်တန်ပါသည်။

သခင်ဘုရား၏ညစာပွဲတော်မင်္ဂလာဆိုသော ဘုရားသခင်၏လက်ဆောင်ကို ခံစားကြရင်းနှင့် ကျွန်တော်တို့သည် သူ့ကို နှစ်ခွမဟုတ်သောနှလုံးသားနှင့် ရှာဖွေကြပါမည်၊ သူ၏ပြည့်စုံခြင်းအားလုံးကို ပျော်ရွှင်စွာခံစားကြပါမည်။ မိမိတို့ကိုယ်ကို မကိုးစားကြဘဲ၊ သူမှလွဲ၍ အခြားမည်သူကိုမှ မရှာဘဲ၊ သူ၏ပြည့်ဝခြင်း၊ ပြည့်စုံခြင်းအားဖြင်သာ ကျွေးမွေးခြင်းကိုခံယူကြပါမည်။ သူ့ကျေးဇူးတော်ကြောင့် လန်းဆန်းလာလျှက်၊ ယခုဘဝကိုထားခဲ့ပြီး ခမည်းတော်၏အိမ်တော်တွင် သူပြင်ပေးသောနေအိမ်၌ သူနှင့်အတူရှိသည့်အချိန်တွင် ရရှိကြမည့်အရသာကို ယခုကတည်းက ခံစားကြပါမည်။

## မိမိကိုယ်ကိုစမ်းစစ်ခြင်းနှင့်သခင်ဘုရား၏ညစာပွဲတော်

(Self-Examination and the Lord's Supper)

ကျမ်းစာက လုံးလဝီရိယနှင့်မိမိကိုယ်ကိုစမ်းစစ်ခြင်းအကြောင်းအား သခင်ဘုရား၏ညစာပွဲတော်နှင့်ဆက်နွယ်၍ အမိန့်ပေးထားပါသည်။ ၁ကော ၁၁း၂၈–၂၉ တွင် "သို့သော် တစုံတဦးသည် မိမိကိုယ်ကို စစ်ဆေးစေ၊ ထို့နောက်မှ ထိုမုန့်ကို စားစေ၊ ထိုခွက်ကိုသောက်စေ။ အဘယ့်ကြောင့်ဆိုသော် မထိုက်တန်ဘဲ စားသူ၊ သောက်သူသည် မိမိကိုယ်ကို ဒုက္ခရောက်စေသူဖြစ်သည်၊ သခင်ဘုရား၏ ကိုယ်ခန္ဓာကို ချင့်ချိန်နားလည်နိုင်စွမ်းမရှိ၍ဖြစ်သည်။"ဟုပြောပါသည်။ ထိုသို့ မိမိကိုယ်ကို စစ်ဆေးခြင်းသည် ပွဲတော်မင်္ဂလာကျင်းပချိန်မှသာမဟုတ်ပါ၊ အမြဲတမ်းပြုရမည့် ကျွန်တော်တို့၏တာဝန်ဖြစ်ပါသည်(ယေမြည် ၃း၄၀၊ ၂ကော ၁၃း၅)။ ထို့ကြောင့် မိမိကိုယ်ကိုစစ်ဆေးခြင်းဆိုသည်မှာအဘယ်နည်းဟု သေချာသိရန်လိုပါသည်။

ပထမအနေနှင့် ကျွန်တော်တို့သည် မိမိကိုယ်ကိုစစ်ဆေးခြင်းအကြောင်းပြောနေကြသည်ကို သတိပြုရပါမည်။ အခြားသူများ၏အသက်တာများကို စစ်ဆေးရမည်ဟု ပြောနေခြင်းမဟုတ်ပါ။ မိမိ၏အသက်ရှင်ပုံကို စစ်ဆေးရမည်ဖြစ်သည်။ တခြားသူများကိုစစ်ဆေးကြလျှင် မိမိကိုယ်ကိုဖြောင့်မတ်သူများဟု ထင်မှတ်မှားနေကြပါမည်။ မိမိကိုယ်ကို စစ်ဆေးခြင်းကသာ စစ်မှန်သောနောင်တနှင့် ဘုရားသခင်အားစစ်မှန်စွာယုံကြည်ခြင်းသို့ ရောက်စေနိုင်ပါသည်။ အခြားသူများကို စစ်ဆေးချင်ခြင်းသည်၊ အများအားဖြင့် မိမိကိုယ်ကို စစ်ဆေးခြင်းကို ရှောင်လို၍ဖြစ်လေ့ရှိပါသည်။

ဒုတိယ၊ မိမိကိုယ်ကိုစစ်ဆေးခြင်းဆိုသည်မှာ မိမိ၏အတွင်းသို့စစ်ဆေးခြင်းဖြစ်သည်။ ကျွန်တော်တို့သည် မိမိကိုယ်ကိုတရားစီရင်ကြလျှင် တရားစီရင်ခံခြင်းမှလွတ်မည်ဖြစ်သည် (၁ကော ၁၁း၃၁)။ ဘုရားသခင်ကိုယ်တိုင်နှင့် သူ၏နှုတ်တော်ထွက်သည် ကျွန်တော်တို့ကို စစ်ဆေးမည့်သူများ ဖြစ်ကြပါသည်(ဧရာ ၂၈း၉၊ ဆာလံ ၂၆း၂၊ ၄၄း၂၁)။ ကျွန်တော်တို့ဆုတောင်းရမည့်စကားလုံးများသည် ဆာလံ ၁၃၉း၂၃–၂၄ အတိုင်းဖြစ်ရပါမည်၊ "အိုဘုရားသခင်၊ အကျွန်ုပ်ကိုစစ်ကြော၍၊ အကျွန်ုပ်၏နှလုံးကို သိမြင်တော်မူပါ။ စုံစမ်း၍ စိတ်အထင်များကိုလည်း သိမြင်တော်မူပါ။ ဆိုးသောလမ်းသို့ အကျွန်ုပ် လိုက်သည်မလိုက်သည်ကို ကြည့်ရှု၍၊ ထာဝရလမ်းထဲသို့သွင်းဆောင် တော်မူပါ။" မိမိကိုယ်ကိုစစ်ဆေးခြင်းဆိုသည်မှာ ဘုရားသခင်၏အစစ်ဆေးကို ခံယူခြင်းဖြစ်ပါသည်။

တတိယ၊ မိမိကိုယ်ကိုစစ်ဆေးခြင်း၏ရည်ရွယ်ချက်သည် ကျွန်တော်တို့ ကယ်တင်ခြင်းရသလား၊ ယုံကြည်ခြင်းရှိသလားနှင့်မဆိုင်ပါ။ ထိုသို့ဆိုလျှင် ဖြစ်နိုင်မည်မဟုတ်ပါ၊ အဘယ့်ကြောင့်ဆိုသော် ယုံကြည်ခြင်းမရှိသူက မိမိကိုယ်ကိုစစ်ဆေးဖို့ မတွေးတတ်ပါ။ ယုံကြည်ခြင်းရှိသူသည် သံသယမဖြစ်ရပါ၊ (သို့) မိမိရပြီးသောကယ်တင်ခြင်းကို သံသယဖြစ်ဖို့ မတွေးသင့်ပါ၊ ထိုသို့တွေးခြင်းကို အားမပေးသင့်ပါ(၂ကော ၁၃း၅)။ ဘုရားတရားကြောက်ရွံ့ရိုသေခြင်း၌ ရိုးသားစွာနေထိုင်လျှက်၊ ဘုရားသခင့်ရှေ့တွင် ယုံကြည်ခြင်း ဖြင့် ဆက်လက်နေထိုင်ရပါမည်။

ထိုအချက်များကို စိတ်တွင်ထားလျှက်၊ မိမိကိုယ်ကိုစစ်ဆေးခြင်းတွင် အကြောင်းအရာသုံးမျိုးအား နှိုက်နှိုက်ချွတ်ချွတ်စစ်ဆေးခြင်းဖြစ်သည်ကို သိရပါမည်။ (၁) ကျွန်တော်တို့၏အပြစ်များခြင်းအပြစ်၊ (၂) ကျွန်တော်တို့အတွက်လုပ်ပေးသော၊ ကျွန်တော်တို့ အထဲ၌လုပ်ပေးသော ဘုရားသခင့်ကျေးဇူးတော်၏လုပ်ပေးခြင်း၊ (၃) ဘုရားသခင်ကိုနာခံ၍အသက်ရှင်ရန်သည် ကျွန်တော်တို့၏တာဝန်ဖြစ်ခြင်း၊ ဘုရားသခင်အား သန့်ရှင်းသောကျေးဇူးတင်ခြင်းနှင့်ကျေးဇူးတင်ခြင်း စသည်တို့ဖြစ်သည်။ ကျွန်တော်တို့သည် မိမိတို့၏အပြစ်ရှိခြင်းအဖြစ်ကို စစ်ဆေးရခြင်းမှာ ကျွန်တော်တို့၏ယိုယွင်းပျက်စီးနေခြင်း၏နက်ရှိုင်းမှုကို ပြန်သိမြင်ရန်ဖြစ်သည်၊ ထို့နောက် ကျွန်တော်တို့၏နှလုံးသားက ကျွန်တော်တို့ကို မညာကြောင်းသေချာကြရန်ဖြစ်သည် – ဆိုလိုသည်မှာ မိမိတို့၏အပြစ်များကို မိမိကိုယ်ကိုသို့ ဖုံးကွယ်ထားခြင်း မရှိဖို့ဖြစ်သည်(သုတ္တံ ၂၈း၁၃) – ထိုသို့ဖြင့် ကျွန်တော်တို့သည် အပြစ်များကို ပို၍မုန်းကာ၊ အပြစ်တို့ကိုစွန့်ပစ်၍ လက်ဝါးကပ်တိုင်သို့ ပြေးကြမည်ဖြစ်သည်။ ကျွန်တော်တို့သည် မိမိတို့ထံ ဘုရားသခင် လုပ်ပေးသောကျေးဇူးတော် ၏ လုပ်ပေးခြင်းကို စစ်ဆေးကြသည်၊ ထိုသို့ဖြင့် ကျွန်တော်တို့သည် ကျေးဇူးတော်သက်သက်ကြောင့်သာ အသက်ရှင်ကြလျှက်၊ လှုပ်ရှားကြလျှက်၊ မိမိတို့၏ဝိညာဉ်ရေးဖြစ်တည်မှုအား ရကြသည်ကို ပို၍နားလည်သဘောပေါက်ကြမည်ဖြစ်သည်။ ထို့အပြင် ကျေးဇူးတော်ကိုသာ ပို၍အားကိုးကြမည်ဖြစ်သည်။ ကျွန်တော်တို့သည် မိမိတို့တာဝန်ကို စစ်ဆေးကြပါသည်၊ ထိုသို့ဖြင့် တာဝန်ကျေခြင်းသည် ဝမ်းမြောက်ဖို့ဖြစ်သည်ကို သိလာနိုင်ကြရန်ဖြစ်သည်။ ထိုသို့ဖြင့် တာဝန်ကျေရန် ပို၍ပြင်းထန်စွာ ကြိုးစားကြမည်ဖြစ်သည်။ ထိုသို့ဖြင့် ဘုရားသခင်၏လမ်းတို့တွင် ဆက်လက်လျှောက်လှမ်းကြမည်ဖြစ်သည်။ ထို့နောက် ကျွန်တော်တို့သည် ခရစ်ယာန်ဘဝတခုလုံးကို စစ်ဆေးဖို့ရန်ဖြစ်ပါသည်။ ခရစ်ယာန်တဦးအနေနှင့်ပြုမူလှုပ်ရှားမှု၊ တွေကြုံခံစားမှုများကို ဘုရားသခင်၏နှုတ်တော်ထွက်ဖြင့် စစ်ဆေးကြရပါမည်။

ဘုရားသခင်၏နှုတ်တော်ထွက်မှ ပေါ်ပြသောပုံစံနှင့် ကျွန်တော်တို့၏ဘဝ၊ တွေကြုံခံစားမှုတို့ မကိုက်ညီဘဲရှိလျှင်၊ ထို့အတွက် နောင်တရကြရမည်၊ ခရစ်တော်ထံ ပြေးဝင်ခိုလှုံရပါမည်၊ ကျေးဇူးတော်ကိုတောင်းခံရပါမည်။ ထိုအခါ မိမိကိုယ်ကိုစစ်ဆေးခြင်းသည် မိမိကိုယ်ကိုပြုပြင်ပြောင်းလဲခြင်းဖြစ်လာပါမည်။ ထိုသို့ပြုခြင်းသည် ဘုရားသခင့်ဘုန်းတော်ထင်ရှားရန် အသီးအပွင့်များစွာ ရလာစေပါသည်။ ထို့အပြင် ကျွန်တော်တို့ကို ကျေးဇူးတော်နှင့်အသိပညာထဲ၌ ပို၍ကြီးပွားတိုးတက်လာစေပါသည်။

(Doctrine according to godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

++++++++++++++++++++++++++++++++++++++

သုတ္တံ ၈း၁–၃၆ (ဂျိန်းဘုရင်မူ)

၁ – ဉာဏ်ပညာသည် ဟစ်အော်နေသည်မဟုတ်ပါလော? နားလည်ခြင်းကလည်း သူမအသံကို လွှင့်နေသည်မဟုတ်လော?

၂ – သူမသည် မြင့်သောနေရာတို့၏အပေါ်ဆုံးတွင် ရပ်နေပါသည်၊ လမ်းတို့နှင့်နီးသောအရပ်တို့တွင် ရပ်နေပါသည်။

၃ – သူမသည် ဂိတ်တံခါးတို့၌၊ မြို့တော်သို့ဝင်သောနေရာ၌၊ တံခါးတို့မှဝင်သောနေရာတို့၌ ဟစ်အော်နေပါသည်။

၄ – အိုးအသင်လူသားတို့၊ သင်တို့ကို ငါခေါ်နေပါသည်၊ ငါ့အသံသည် လူ၏သားတို့အတွက်ဖြစ်သည်။

၅ – အိုး အသင် ရိုးအသူ၊ ဉာဏ်ပညာကိုနားလည်ပါလော့၊ အသင် မိုက်မဲသူတို့၊ နားလည်သောနှလုံးသားရှိကြပါလော့။

၆ – ကြားကြပါ၊ အဘယ့်ကြောင့်ဆိုသော် ငါသည် ကြီးမြတ်သောအရာတို့ကိုပြောမည်ဖြစ်သည်၊ ငါနှုတ်ခမ်းတို့ကို ဖွင့်ဟခြင်းသည် မှန်သောအရာများကို ပေါ်ထုတ်ရန်ဖြစ်သည်။

၇ – အဘယ့်ကြောင့်ဆိုသော် ငါ့နှုတ်က အမှန်တရားကိုပြောလိမ့်မည်၊ ဆိုးယုတ်ခြင်းသည် ငါ့နှုတ်ခမ်းတို့အတွက် ရွံ့စရာဖြစ်သည်။

၈ – ငါ့နုတ်မှပြောသောစကားလုံးအားလုံးသည် ဖြောင့်မတ်ခြင်း၌တည်ပါသည်၊ ၄င်းတို့ထဲတွင် ကွေ့ကောက်သောအရာများ (သို့) လမ်းလွဲသို့ရောက်ခြင်းများ မရှိကြပါ။
၉ – ၄င်းတို့သည် နားလည်သောသူအတွက် အားလုံးရှင်းလင်းနေပါသည်၊ အသိပညာကိုရှာတွေ့သူတို့အတွက် ဟုတ်မှန်ကြပါသည်။
၁၀ – ငါ့ညွှန်ကြားချက်ကို လက်ခံပါ၊ ငွေသတ္တုကိုလက်မခံနှင့်၊ ရွေးချယ်သောရွှေထက် အသိပညာကို လက်ခံပါ။
၁၁ – အဘယ့်ကြောင့်ဆိုသော် ဉာဏ်ပညာသည် ပတ္တမြားတို့ထက် ပိုကောင်းသည်၊ လိုချင်စရာကောင်းသည်ဟု ထင်ရသောအရာ အားလုံးတို့ကို ၄င်းနှင့်နှိုင်းယှဉ်၍မရပါ။
၁၂ – ဉာဏ်ပညာဖြစ်သောငါသည် ပညာရှိတို့နှင့်သာနေထိုင်ပါသည်၊ ပြောင်မြောက်သောတည်ထွင်ခြင်းများ၏အသိပညာကို ရှာတွေ့စေပါသည်။
၁၃ – ဘုရားသခင်ကိုကြောက်ရွံ့ရိုသေခြင်းသည် ဆိုးညစ်ခြင်းကို မုန်းခြင်းဖြစ်သည်၊– မာနကြီးခြင်း၊ မောက်မာခြင်း၊ ဆိုးညစ်သော လမ်း၊ ကွေ့ကောက်သောနုတ်စမ်းတို့ကို ငါမုန်းသည်။
၁၄ – အကြံပေးခြင်းသည် ငါပိုင်သောအရာဖြစ်သည်၊ ကောင်းမွန်သောဉာဏ်ပညာကိုလည်း ငါပိုင်သည်၊ ငါသည် နားလည်ခြင်းဖြစ်သည်၊ ငါ့ထံ၌ ခွန်အားရှိသည်။
၁၅ – ငါ့အားဖြင့် ရှင်ဘုရင်တို့ အုပ်စိုးကြသည်၊ မင်းညီမင်းသားတို့က တရားမျှတမှုကို ချမှတ်ကြသည်။
၁၆ – ငါ့အားဖြင့် မင်းညီမင်းသားတို့ အုပ်ချုပ်ကြသည်၊ မှူးမတ်တို့ အုပ်ချုပ်ကြသည်၊ ကမ္ဘာပေါ်မှတရားသူကြီးအားလုံးတို့ တရားဆုံးဖြတ်ကြသည်။
၁၇ – ငါ့ကိုချစ်သောသူတို့ကို ငါချစ်သည်၊ ငါ့ကို မနက်စောစောရှာကြသူများ ငါ့ကိုတွေ့ကြလိမ့်မည်။
၁၈ – ကြွယ်ဝချမ်းသာခြင်းများနှင့်ဂုဏ်အသရေရှိခြင်းတို့သည် ငါနှင့်အတူရှိကြသည်၊ မှန်သည်၊ တာရှည်ခံသော ချမ်းသာခြင်းများ နှင့် ဖြောင့်မတ်ခြင်းတို့ ငါ့နှင့်ရှိကြပါသည်။
၁၉ – ငါ၏အသီးအပွင့်တို့သည် ရွှေထက်ပိုကောင်းကြသည်၊ မှန်သည်၊ စင်ကြယ်လှသောရွှေထက်ကောင်းမွန်လှသည်၊ ငါ၏အခွန်ဘဏ္ဍာသည် ရွေးချယ်သောငွေသတ္တုထက် သာပါသည်။
၂၀ – ငါသည် ဖြောင့်မတ်ခြင်းလမ်းထဲသို့ ဦးဆောင်သွားပါမည်၊ တရားစီရင်ခြင်းလမ်းကြောင်းတို့အလယ်မှ လျှောက်သွားပါမည်၊
၂၁ – ထိုသို့ဖြင့် ငါသည် ငါ့ကိုချစ်သောသူတို့ အမွေခံရရန်ဖြစ်စေမည်၊ ထို့အပြင် သူတို့၏ဘဏ္ဍာများကို ပြည့်စေမည်ဖြစ်သည်။
၂၂ – ဘုရားသခင်သည် ငါ့ကို သူ၏လမ်းခရီး အစမှပင် ပိုင်ဆိုင်ပါသည်၊ ရှေးက သူပြုသောသူ၏အလုပ်များထက် အရင်ဖြစ်သည်။
၂၃ – ထာဝရကာလမှပင် ငါ့ကို တည်ထားပြီးဖြစ်သည်၊ အစကတည်းကဖြစ်သည်၊ (သို့) ကမ္ဘာမရှိသေးခင်ကပင်ဖြစ်သည်။
၂၄ – နက်ရှိုင်းသောနေရာများမရှိခင်၊ ငါ့ကိုမွေးထုတ်ပြီးဖြစ်သည်၊ ရေတို့ဖြင့်များပြားသောစမ်းရေပေါက်များ မရှိခင်အချိန်ကပင်ဖြစ်ပါသည်။
၂၅ – တောင်များကို နေရာမချခင်၊ တောင်ကုန်းများမရှိကြခင်ကပင် ငါ့ကိုမွေးထုတ်ပြီးဖြစ်သည်၊
၂၆ – ဘုရားသခင်သည် မြေကြီးကို မပြုလုပ်ခင်၊ မြေကွင်းများကို မလုပ်ခင်၊ ကမ္ဘာမြေကြီး၏ အမြင့်ဆုံးသောအပိုင်းများကို မလုပ်ခင်ဖြစ်ပါသည်။
၂၇ – ဘုရားသခင်က ကောင်းကင်များကို ပြင်ဆင်ချိန်တွင်၊ ငါသည် ထိုနေရာတွင်ရှိခဲ့ပါသည်၊ နက်နဲသောနေရာတို့၏ မျက်နှာပြင်တွင် အဝန်းအဝိုင်းနယ်ပယ်ကိုချမှတ်သောအခါ၊ ထိုနေရာတွင် ငါရှိခဲ့ပါသည်၊
၂၈ – အထက်အရပ်၌ မိုးတိမ်များကို တည်ရှိစေချိန်၊ နက်ရှိုင်းခြင်း၏စမ်းရေပေါက်တို့ကို အားပြည့်ချိန်၊
၂၉ – ဘုရားသခင်က ပင်လယ်ကို မိမိအမိန့်တော်ပေးချိန်၊ ထိုသို့ဖြင့် ပင်လယ်ရေတို့သည် သူ၏အမိန့်တော်ကို မကျော်ဖြတ်ရန် အမိန့်ပေးချိန်၊ မြေကြီး၏အခြေခံအုတ်မြစ်များကို ခန့်အပ်ချိန်၊
၃၀ – ထိုအချိန်များတွင် ငါသည် သူနှင့်ရှိနေခဲ့သည်၊ သူနှင့်အတူကြီးပြင်းလာသူကဲ့သို့ဖြစ်သည်၊ ထို့အပြင် ငါသည် နေ့တိုင်း သူ၏ နှစ်သက်ခြင်းဖြစ်သည်၊ သူ့ရှေ့တွင် ပျော်ရွှင်ဝမ်းမြောက်ခြင်းနှင့် ငါ ရှိနေပါသည်၊
၃၁ – သူ့ကမ္ဘာ၏ နေထိုင်၍ရသောအစိတ်အပိုင်းတွင် ပျော်ရွှင်ဝမ်းမြောက်လျှက်နေပါသည်၊ ငါ၏ဝမ်းမြောက်ပျော်ရွှင်ခြင်းသည် လူသားတို့၏သားများထံ၌ဖြစ်ပါသည်။
၃၂ – ထို့ကြောင့် ယခုတွင် ငါ့စကားကိုနားထောင်ကြပါ၊ အို အသင် ကလေးတို့၊ အဘယ့်ကြောင့်ဆိုသော် ငါ၏လမ်းတို့ကို စောင့်ရှောက်သူတို့သည် ကောင်းချီးခံကြရပါမည်။
၃၃ – ငါ့ သွန်သင်ခြင်းကို ကြားနာပါ၊ ဉာဏ်ပညာရှိပါ၊ ၄င်းကို မငြင်းနှင့်။
၃၄ – ငါ့ကိုကြားနာသူသည် ကောင်းချီးခံရသည်၊ ငါ့ဂိတ်တံခါးတို့၌ နေ့တိုင်းစောင့်ကြည့်သူ၊ ငါ့တံခါးတို့၏တိုင်များနား၌ စောင့်နေသူသည် ကောင်းချီးခံရပါသည်။
၃၅ – အဘယ့်ကြောင့်ဆိုသော် ငါ့ကိုရှာတွေ့သူတိုင်း အသက်ကိုရှာတွေ့ခြင်းဖြစ်သည်၊ ထိုသူသည် ဘုရားသခင်၏ မျက်နှာသာပေးခြင်း ခံရမည်။
၃၆ – သို့သော် ငါ့ကိုဆန့်ကျင်အပြစ်ပြုသူသည် မိမိဝိညာဉ်အပေါ် အမှားပြုသူဖြစ်သည်၊ ငါ့ကိုမုန်းသူတိုင်းသည် သေခြင်းကို ချစ်ကြသည်။

xxxxxxxxxxxxxxxxxxxxxxxx

ဖေက် ၂း၁ –၂၂ (ကျိန်းဘုရင်မူ)

၁ – အပြစ်များနှင့်လွန်ကျူးခြင်းများတွင် သေနေကြသောသင်တို့ကို သူသည် ပြန်လည်ရှင်စေခဲ့ပါသည်၊

၂ – သင်တို့သည် ယခင်အချိန်များက ဤကမ္ဘာကြီး၏လေလေ့ထုံးစံများအတိုင်း လျှောက်လှမ်းခဲ့ကြသည်၊ ယခုအချိန်တွင် မနာခံခြင်း၏သားသမီးတို့အထဲ၌ လုပ်ကိုင်နေသော ဝိညာဉ်ဖြစ်သည့် လေထုထဲရှိ တန်ခိုးရှင်ကြီး၏ အလိုအတိုင်း နေထိုင်ခဲ့ကြသည်၊

၃ – ထိုသူတို့ကြားတွင် ငါတို့အားလုံးတို့သည် ယခင်အချိန်များတွင် အသွေးအသား၏တပ်မက်ခြင်းများ၌ နေထိုင်အသက်ရှင်ခဲ့ကြသည်၊ စိတ်၏တပ်မက်မှုများ၊ အသွေးအသား၏တပ်မက်မှုများကို ပြည့်စုံစေခဲ့ကြသည်၊ ထို့အပြင် ငါတို့သည် သဘာဝအားဖြင့် အခြားသူများကဲ့သို့ပင် ကျိန်ခြင်း၏သားသမီးများဖြစ်ခဲ့ကြပါသည်။

၄ – သို့သော် ဂရုဏာ၌ကြွယ်ဝသောဘုရားသခင်သည်၊ မိမိ၏ကြီးမြတ်လှသောချစ်ခြင်းဖြင့် ငါတို့ကို ချစ်တော်မူပါသည်၊

၅ – ငါတို့သည် အပြစ်များထဲ၌ သေနေကြစဉ်တွင်၊ ခရစ်တော်နှင့်အတူ ငါတို့ကို ပြန်ရှင်စေပါသည်(ကျေးဇူးတော်အားဖြင့် သင်တို့သည် ကယ်တင်ခံကြရသည်)

၆ – ထို့နောက် ငါတို့ကို အတူတကွ ထမြောက်စေသည်၊ ထို့နောက် ကောင်းကင်ဘုံနှင့်ဆိုင်သောနေရာများ၌ ယေရှုခရစ်တော်၌ အတူတကွထိုင်စေပါသည်၊

၇ – ထိုသို့ဖြင့် အနာဂတ်အချိန်တွင် သူသည် မိမိ၏ကြီးမြတ်လွန်းလှသောကျေးဇူးတော်ကြွယ်ဝခြင်းကို ပြနိုင်ရန်ဖြစ်သည်၊ ယေရှုခရစ်မှတဆင့် ငါတို့ထံ သူ၏ကျင်နာခြင်းဖြင့် ဖြစ်ပါသည်။

၈ – အဘယ့်ကြောင့်ဆိုသော် ကျေးဇူးတော်အားဖြင့် သင်တို့သည် ယုံကြည်ခြင်းမှတဆင့် ကယ်တင်ခြင်းရကြသည်၊ ၄င်း(ယုံကြည်ခြင်း)သည် သင်တို့ထံမှဖြစ်လာသည်မဟုတ်၊ ဘုရားသခင်၏လက်ဆောင်ဖြစ်သည်၊

၉ – အလုပ်အားဖြင့်မဟုတ်၊ မည်သူမျှမကြွားနိုင်ရန်ဖြစ်သည်။

၁၀ – အဘယ့်ကြောင့်ဆိုသော် ငါတို့သည် သူ၏လက်ရာတော်များဖြစ်ကြသည်၊ ကောင်းသောအလုပ်များကိုလုပ်ရန် ယေရှု ခရစ်တော်၌ဖန်ဆင်းထားသည်၊ ၄င်းကို ဘုရားသခင်သည် အစမှနေ၍ ခန့်ထားတော်မူသည်၊ ထိုသို့ဖြင့် ၄င်းတို့အထဲတွင် ငါတို့ လျှောက်လှမ်းကြရန်ဖြစ်သည်။

၁၁ – ထို့ကြောင့် သင်တို့သည် ယခင်က အသွေးအသား၌ တပါးအမျိုးသားများဖြစ်ခဲ့သည်ကို သတိရကြပါ၊ လက်များဖြင့် ပြုလုပ်သည့် အသွေးအသား၌အရေဖျားလှီးခြင်းခံကြသူများက အရေဖျားလှီးခြင်းမခံသူများဟု ခေါ်ခြင်း ခံခဲ့ကြရသူများ ဖြစ်ကြပါသည်၊

၁၂ – ထိုစဉ်အခါက သင်တို့သည် ခရစ်တော်နှင့်ကင်းကွာနေခဲ့ကြသည်၊ အစ္စရေးတို့၏နေသဟာယအုပ်စုမှ တခြားစီ ဖြစ်နေခဲ့ကြသည်၊ ပဋိညာဉ်ကတိတော်များနှင့် သူစိမ်းများဖြစ်ခဲ့ကြသည်၊ မျှော်လင့်ခြင်းမရှိကြ၊ ကမ္ဘာလောကထဲတွင် ဘုရားမရှိဘဲ ဖြစ်ခဲ့ကြသည်၊

၁၃ – သို့သော် ယခုတွင်မူ ခရစ်တော်ယေရှု၌ တချိန်က ဝေးနေခဲ့ကြသောသင်တို့ကို ခရစ်တော်၏သွေးတော်ဖြင့် နီးစေခဲ့ပြီဖြစ်သည်။

၁၄ – အဘယ့်ကြောင့်ဆိုသော် သူသည် ငါတို့၏ငြိမ်းချမ်းရေးဖြစ်ပါသည်၊ နှစ်အုပ်စုလုံးကို တစုတည်းဖြစ်စေသည်၊ ငါတို့အကြားခြားထားသောနံရံကို ဖြိုချပေးပါသည်၊

၁၅ – သူ၏အသွေးအသား၌ ရန်လိုမှုကို ဖျက်သိမ်းပေးလျှက်၊ ဝိနည်းထုံးဖွဲ့များတွင်ပါဝင်သော ပညတ်အမိန့်များ၏ဥပဒေသ ဆိုသည်ကိုလည်း ပယ်ဖျက်ပေးပါသည်၊ အဘယ့်ကြောင့်ဆိုသော် သူ့ထံတော်၌ ထိုအမွှာကို တဦးတည်းသောလူသစ်ဖြစ်လာဖို့ ပြုလုပ်ချင်၍ဖြစ်သည်၊ ထို့ကြောင့် ငြိမ်းချမ်းခြင်းကိုပြုလုပ်ပေးပါသည်၊

၁၆ – ထိုသို့ဖြင့် သူသည် နှစ်အုပ်စုစလုံးကို ဘုရားသခင့်ထံတော်၌ လက်ဝါးကပ်တိုင်အားဖြင့် ခန္ဓာတစုသို့ ပြန်လည်သင့်မြတ်ကြရန် ဖြစ်ပါသည်၊ ထိုလက်ဝါးကပ်တိုင်ဖြင့် ထိုရန်လိုမှုကို သတ်ဖြတ်ပေးပါသည်၊

၁၇ – ထို့နောက် အဝေး၌ရောက်နေသောသင်တို့ထံနှင့် အနီး၌ရှိနေကြသူတို့ထံ လာရောက်ကာ ငြိမ်းချမ်းခြင်းကို ဟောကြားပါသည်။

၁၈ – အဘယ့်ကြောင့်ဆိုသော် သူ့အားဖြင့် ငါတို့နှစ်အုပ်စုစလုံးသည် ဝိညာဉ်တခု၌ ခမည်းတော်ထံ ဝင်ရောက်ခွင့်ရကြပါသည်။

၁၉ – ထို့ကြောင့် သင်တို့သည် ယခုအခါ သူစိမ်းများ၊ နိုင်ငံခြားသားများ မဟုတ်ကြတော့ပါ၊ သို့သော် သန့်ရှင်းသူတို့နှင့်အတူတကွ နိုင်ငံသူ/သားများဖြစ်ကြပါသည်၊ ထို့အပြင် ဘုရားသခင်၏အိမ်ထောင်စုဝင်များလည်းဖြစ်ကြပါသည်၊

၂၀ – သင်တို့ကို တမန်တော်များနှင့်ပရောဖက်များဆိုသော အခြေခံအုတ်မြစ်ပေါ်၌တည်ဆောက်ထားပါသည်၊ ယေရှုခရစ်ကိုယ်တိုင်သည် ထိုအဆောက်အဦ၏ အဓိကကျောက်မြစ်ဖြစ်သည်၊

၂၁ – သူ့ထံတွင် အဆောက်အဦးတခုလုံးသည် အတူတကွ ခဲ့ရွေးကိုက် ဆက်စပ်တည်ရှိနေသည်၊ သခင်ဘုရားအားဖြင့် သန့်ရှင်းသောဗိမ္မာန်တော်အဖြစ်သို့ တိုးတက်ကြီးထွားနေပါသည်၊

၂၂ – သူ့ထံတော်၌ သင်တို့ကိုလည်း ဝိညာဉ်တော်အားဖြင့်ဘုရားသခင်နေထိုင်ရာဖြစ်ရန် အတူတကွ တည်ဆောက်ထားပါသည်။

++++++++++++++++++++++++++

**သခင်ဘုရား၏နေ့ (၉)**

၂၆။ "ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းသူ အနန္တတန်ခိုးရှင် ခမည်းတော် ဘုရားသခင်ကို ကျွန်ုပ်ယုံကြည်ပါသည်"ဟုပြော သောအခါ သင်

ဘာကို ယုံကြည်ပါသနည်း?

ကျွန်ုပ်တို့၏သခင် ယေရှုခရစ်တော်၏ထာဝရခမည်းတော် (ဘာမှမရှိခြင်းမှ၊ ကောင်းကင် မြေကြီးနှင့် ၎င်းတို့အထဲရှိ သမျှအားလုံးကို ဖန်ဆင်းတော်မူသူ၊ ထို့နောက် ၎င်းတို့ကို မိမိ၏ ထာဝရအကြံအစည်နှင့် ထောက်မထိန်းသိမ်းတော်မူခြင်းဖြင့် အုပ်စိုးထောက်မတော်မူသူ)သည် သူ၏သား ခရစ်တော်အတွက်ကြောင့် ကျွန်ုပ်၏ဘုရားသခင်၊ ကျွန်ုပ်၏ အဘ ဖြစ်လာ၏။ သူ့အပေါ် ကျွန်ုပ်သည် လုံးလုံးလျားလျားမှီခိုအားထားသဖြင့် ကျွန်ုပ်၏ခန္ဓာနှင့်ဝိညာဉ်အတွက် လိုအပ်သည်များကို ပေးသနားမည်အကြောင်း ကျွန်ုပ်သည် သံသယကင်းလျှက်ရှိပါသည်။ ထို့အပြင် မျက်ရည်တောင်ကြားဤဘဝ၌ ကျွန်ုပ်ထံသို့ သူစေလွှတ်လိုက်သော ဆိုးညစ်ခြင်းများသည်လည်း ကျွန်ုပ်၏အကျိုးအမြတ်အတွက် ပြောင်းသွားကြပါသည်။ အဘယ်ကြောင့်ဆိုသော် သူသည် တန်ခိုးတော်အနန္တရှိသည့်ဘုရားဖြစ်၍ ထိုသို့ ပြောင်းသွားစေနိုင်ပါသည်၊ သစ္စာရှိသောအဘဖြစ်၍ အလိုဆန္ဒလည်းရှိတော်မူပါသည်။
(ကမ္ဘာ ၁၊၂၊ ဆာလံ ၁၁၅း၃၊ မဿဲ ၁၀း၂၉၊ ဟေဗြဲ ၁း၃၊ ယော ၅း၁၇၊ ယော ၁း၁၂၊၁၆၊ ရော ၈း၁၅-၁၆၊ ဂလာ ၄း၅-၆၊ ဧဖက် ၁း၅၊ ၁ယော ၃း၁၊ ဆာလံ ၅၅း၂၂ မဿဲ ၆း၂၆၊ ရော ၈း၂၈၊ ၄း၂၁၊ ၁၀း၁၂၊ မဿဲ ၆း၂၆၊ ၇း၉-၁၁)

××××××××××××××××××××××××××××××××××××××××

## သူပါးတဆူဘုရားသခင်ပြောသည့်ပေါ်မြူလာဖြင့်
## အချိန်ကိုသုံးသောခရစ်ယာန်တို့၏ ကိုယ်ကျင့်တရားတည်ဆောက်ပုံ

စတုတ္ထပညတ်တော် – အနားယူရာနေ့ကို သတိရပါ၊ ၎င်းကို သန့်ရှင်းစွာ စောင့်ရှောက်ပါ။ သင် ခြောက်ရက်လုံး ရှန်းကန်လှုပ်ရှားပါ၊ သင်၏အလုပ်အားလုံးကို လုပ်ပါ။ သို့သော် ခုနှစ်ရက်နေ့သည် သင်၏သခင် ဘုရားသခင်၏ အနားယူရာနေ့ဖြစ်သည်၊ ထိုနေ့တွင် သင် ဘာအလုပ်မှမလုပ်ရ၊ သင်၏သား၊ သင်၏သမီး၊ သင်၏ ကျွန်ယောကျ်ား၊ သင်၏ကျွန်မ၊ သင်၏တိရိစ္ဆာန်များ၊ သင့်အိမ်ဝင်းထဲ၌ရှိနေသော ဧည့်သည် မည်သူမျှ အလုပ်မလုပ်ရ၊ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် ခြောက်ရက်အတွင်း ကောင်းကင်နှင့်မြေကြီး၊ ပင်လယ်နှင့် ပင်လယ်ထဲရှိသမျှတို့ကို ပြုလုပ်တော်မူသည်၊ ထို့နောက် ခုနှစ်ရက်နေ့တွင် နားတော်မူသည်၊ ထို့ကြောင့် ဘုရား သခင်သည် အနားယူရာနေ့ကို ကောင်းချီးပေးသည်၊ မြင့်မြတ်စေပါသည်။

➢ ဒီပညတ်တော်မှာ ပထမဆုံးစကားလုံးက "သတိရပါ"လို့ပြောတဲ့အတွက်၊ တချို့နှစ်ခြင်းအသင်းတွေထင်သလို၊ ဂျူးတွေစီမှာမှ စပြီးပေးတဲ့ပညတ်မဟုတ်ဘူးဆိုတာရှင်းပါတယ်။ အရင်ကထဲကရှိပြီးသားကို ပြန်သတိရပါလို့ ပြောနေတာဖြစ်တယ်။ ဒီပညတ်တော်နံပတ်(၄)ကို ဆရာယုဒသန်က "ဥပုသ္ေန႔ကုိသန္႔႐ွင္းေစခင္းသေမွ်၊ ထုိေန႔ရက္ကုိေအာက္ေမ့ေလာ့။"လို့ ဘာသာပြန်ပါတယ်(ထွက် ၂၀း ၇)။ ဒီကျမ်းပိုဒ်မှာ "အနားယူရာနေ့"(႕၅အ) ဂျူးဘာသာနဲ့ "ရှာဘတ်"လို့ပခေါ်ပါတယ်။ အဲဒါကို ဗမာဆန်အောင် ဆရာယုဒသန်က "ဥပုသ်"လို့ဘာသာပြန်တာဖြစ်တယ်။ တကယ်က အနားယူရာနေ့လို့ပြောရမှာပါ။

ဒီတော့ အနားယူရာနေ့ကို သတိရပါလို့ပြောတဲ့အခါမှာ၊ အဲဒီနေ့ဟာ အစကထဲကရှိပြီးသားဖြစ်တော့။ ဘယ်တုန်းကနေလဲလို့ဆက်မေးရမှာဖြစ်တယ်။ ဘုရားသခင်က ဖန်ဆင်းကထဲက အနားယူရာနေ့ကို တည်ထောင်ခဲ့တာဖြစ်ပါတယ်။ ဒါ့ကြောင့် ကမ္ဘာဦးကနေ၊ မောရှေလက်ထက်အထိ အနားယူရာနေ့(ဥပုသ်)နေ့ဟာ အမြဲရှိနေခဲ့ပါတယ်။ တခုတော့ရှိတာပေါ့၊ အစ္စရေးတွေကို အီဂျစ်တို့က ကျွန်ပြုတဲ့အခါမှာ၊ အနားမပေးဘဲနေ့တိုင်းခိုင်းလို့ အနားယူရာနေ့ကို မစောင့်ထိန်းနိုင်ကြဘူးပေါ့။ ဒါ့ကြောင့် မောရှေက ဖါရောဘုရင်ထံမှာ တောင်းတဲ့အခါမှာ၊ ငါ့လူတွေနဲ့ငါ အနားယူရာ(ဥပုသ်)နေ့ကိုကျင်းပဖို့လို့ တောင်းတာဖြစ်တယ်။ မူရင်း ဟီဗရူးကျမ်းစာကနေ အနက်ဖွင့်ရင် အဲဒီအဓိပ္ပါယ်နဲ့ဖြစ်တယ်။ ဒါ့ကြောင့် အနားယူရာ(ဥပုသ်)နေ့ကို မောရှေလက်ထက်မှ မစဘူး၊ ကမ္ဘာအစကနေရှိနေတာဖြစ်တယ်။ ဒါ့ကြောင့် သံလျှင်ဖေသွင်တို့လို လီဗရယ်ဝါဒအနက်ဖွင့်ကျမ်းတွေ၊ ဒီစပင်ဆေးရှင်းနှစ်ခြင်းဂိုဏ်းတွေပြောသလို မဟုတ်ပါဘူး။

နောက်မေးခွန်းမေးရမှာက၊ အဲဒီအစတုန်းက အနားယူရာနေ့ဟာ ဘယ့်နေ့လဲ၊ စနေနေ့လား၊ တနင်္ဂနွေနေ့လားဆိုတာကိုဖြစ်ပါတယ်။ အဖြေကတော့ တနင်္ဂနွေနေ့ဖြစ်ပါတယ်။ ဘုရားသခင်အနားယူတဲ့နေ့၊ ခြောက်ရက်ဖန်ဆင်း၊ ခုနှစ်ရက်မြောက်နေ့နားတာဟာ တနင်္ဂနွေနေ့ဖြစ်တယ်။ ကာဣနနဲ့အာဗေလတို့ ဝတ်ပြုတဲ့နေ့ဟာ တနင်္ဂနွေနေ့ဖြစ်တယ်။ ရှေသလက်ထက် ယုံကြည်သူတွေ စုဝေးပြီး ဝတ်ပြုကြတာ တနင်္ဂနွေနေ့ဖြစ်တယ်။ နောဧ သင်္ဘောထဲကိုဝင်တဲ့နေ့ဟာ တနင်္ဂနွေဝတ်ပြုပြီးညနေခင်းဖြစ်တယ်။ ရေလွှမ်းမိုးခြင်းပြီးတော့ နောဧ သင်္ဘောထဲကနေ ငှက်တွေကို နှစ်ကြိမ်လွှတ်တဲ့နေ့တွေဟာ တနင်္ဂနွေနေ့ဖြစ်တယ်။ ဒါ့ကြောင့် ဓမ္မဟောင်း မှာ စနေနေ့ကိုးကွယ်တယ်၊ ဓမ္မသစ်မှာ တနင်္ဂနွေပြောင်းသွားတယ်ဆိုတာ၊ ကျမ်းစာကိုအသေးစိတ်မလေ့လာကြသူတွေရဲ့ ပေါက်ကရခြောက်ဆယ် ပြောစကားတွေ ဖြစ်ပါတယ်။

မောရှေလက်ထက်ရောက်မှာ ဘုရားသခင်က သခင်ယေရှုလာမှာကို မျှော်လင့်ဖို့အနေနဲ့ ခဏတဖြုတ် စနေနေ့ကို ပြောင်းပေးတာဖြစ်တယ်။ သခင်ယေရှုလာတဲ့အခါမှာ ကျွန်တော်တို့အပြစ်တွေအတွက်အသေခံပြီးတဲ့အချိန်မှာ တနင်္ဂနွေနေ့ကို အနားယူရာနေ့အဖြစ် ပြန်ပြောင်းပေးပါတယ်။ ဒါ့ကြောင့် ဂျူးဘာသာရေးနဲ့စနေသင်းတွေရဲ့လိမ်ညာမှုကို မခံကြပါနဲ့။ အစကထဲက အနားယူရာ(ဥပုသ်)နေ့ဟာ တနင်္ဂနွေနေ့ဖြစ်ပြီး၊ ခရစ်တော်မလာခင် ခဏ စနေနေ့ကိုပြောင်း၊ ခရစ်တော်လာပြီးတော့ မူရင်းတနင်္ဂနွေနေ့ကို ပြန်ပြောင်းတာဖြစ်တယ်။ ဒါ့ကြောင့် တနင်္ဂနွေနေ့မှာ ဘုရားကျောင်းမတက်လို့ကိုမရဘဲ၊ တက်ရမှာဖြစ်တယ်။ ဒါ လူသားက ရွေးထားတဲ့နေ့ မဟုတ်ဘူး၊ ဘုရားသခင်က ရွေးပေးထားတဲ့နေ့ဖြစ်တယ်။

ပေါ်ပြူလာ

(၆) ရက်အလုပ်လုပ်၊ (၁)ရက်နားဖြစ်တယ်။ ခရစ်ယာန်တွေစီမှာဘဲရှိပါတယ်။ တကယ်က လူသားအားလုံးအတွက် လုပ်ထားတဲ့ အနားယူရာနေ့ဖြစ်ပေမဲ့၊ အာဒံအပြစ်ထဲကျဆုံးပြီးနောက်ပိုင်းမှာ၊ လူသားအများစုက မလိုက်နာချင်တော့တာ ဒီနေ့အထိဘဲ။ ဒါ့ကြောင့် စိတ်ဖိစီးမှုတွေ၊ စိတ်ကျဝေဒနာတွေ၊ စိတ်ရောဂါတွေ ကမ္ဘာမှာ အမြောက်အများဖြစ်နေတာ၊ အဲဒီကနေ နောက်ဆက်တွဲရောဂါမျိုးစုံ လူတွေကိုနှပ်စက်နေပါတယ်။ ဒါ့အပြင် စိတ်လွတ်ကိုယ်လွတ် ဇရှတ်ကျသောင်းကျန်းမှုတွေအများစုဟာလည်း၊ တပတ်တရက်နားဖို့မသိလို့ ပေါက်ကွဲကြတာဖြစ်ပါတယ်။ လူဟာစက်မဟုတ်တော့၊ အနားယူချိန်လိုအပ်ပါတယ်။ နားပါတယ်ဆိုပြီး ဂေါက်ကွင်းသွားတာ အနားမရပါဘူး။ ပိုမောပါတယ်။ ဒါပေမဲ့မယုံကြည်သူတွေကတော့ ဒါတွေကိုနားမလည်ချင်ကြပါဘူး။

ဒါ့ကြောင့်ခရစ်ယာန်ဟာ သူ့ဘဝအတွက်စီမံကိန်းကို တပတ်စာကနေ တသက်စာထိ မျိုးစုံ ရေတိုရေရှည်စီမံကိန်း ဘုရားသခင့်ပညတ်တော်(၁၀)ပါးနဲ့အညီ ရေးဆွဲအသက်ရှင်ပါတယ်။ တွက်ကြည့်ပါ၊ တနှစ်ဆိုတာ နေကို ကမ္ဘာက တပတ်လှည့်လို့ရလာတဲ့အချိန်ဖြစ်တယ်၊ တလဆိုတာ ကမ္ဘာကို လက တပတ်လှည့်လို့ရလာတဲ့အချိန်၊ ၂၄ နာရီတရက်ဆိုတာ ကမ္ဘာက ကိုယ့်ဝန်ရိုးပေါ်မှာလည်တာ တပတ်ပြည့်တဲ့အချိန်စသဖြင့် ရှိပေမဲ့၊ တပတ်ဆိုတဲ့အချိန်ကတော့ ဘုရားသခင်ကိုကိုးကွယ်မှ ရလာတဲ့အချိန်ဖြစ်ပါတယ်။ ပဋိညာဉ်အချိန်ကာလလို့ပြောရရင် မမှားဘူးပေါ့။ ဒါ့ကြောင့် ခြောက်ရက်လုံး အလုပ်မကြိုးစားဘူးဆိုရင် ခုနှစ်ရက်မြောက်နေ့မှာနားတာဟာ အဓိပ္ပါယ်မရှိဘူး။ ဒါ့ကြောင့် ဘုရားသခင်က မနားခင်အလုပ်မျိုးစုံကြိုးစားလုပ်ပါဆိုတာကို သတိရရပါမယ်။

ဒါ့ကြောင့် ခြောက်ရက်အတွင်း အလုပ်မလုပ်နိုင်အောင် နှောက်ယှက်တဲ့ အပိုစါဒါးလှုပ်ရှားမှုရေးတွေ၊ ဘာသာရေးတွေနဲ့ အလုပ်မရှုပ်သင့်ပါဘူး။ ဧဝံဂေလိအဖွဲ့တွေဟာ ခရစ်ယာန်တွေကို ဆင်းရဲအောင်လုပ်နေကြပါတယ်။ တပတ်လုံးအလုပ်လုပ်ချိန်မရှိရလေအောင် သင်တန်း၊ သင်တန်း၊ ဝတ်ပြုဆုတောင်းပွဲ၊ အစာရှောင်ပွဲ၊ ဘာပွဲညာပွဲနဲ့ တချိန်လုံးရှုပ်နေတော့၊ ခရစ်ယာန်တွေ ဘယ်အချိန်မှာ အလုပ်ကောင်းကောင်းလုပ်တော့မှာလည်း၊ ဒါမျိုးပြောပြန်ရင် သူတို့က ယုံကြည်ခြင်းနဲ့အသက်ရှင်ပါဆိုပြီး ပြန်ပြောကြပြန်တယ်။ ပြီးတော့ ကျွန်တော်တို့စီကနေ အလှူတွေခွဲယူပြီး၊ နောက်တနေရာထွက်သွားကြပြန်ပါလေရော။ ဒါမျိုးတွေဟာ အနားယူရာ(ဥပုသ်)နေ့ကို စော်ကားသူတွေဖြစ်တယ်။ ဝတ်ပြုခြင်းနဲ့နားဖို့အတွက် ဘုရားသခင်က တနင်္ဂနွေနေ့ကိုပေးထားပါတယ်။ ကျန်တဲ့နေတွေမှာက သင်တန်းတို့ဘာတို့လုပ်ရင်တောင် အတော်လေးအချိန်ညှိလုပ်ကိုင်ရမှာဖြစ်တယ်။ အလုပ်ကိုမထိခိုက်မှဖြစ်မှာပါ။

ရှီပေါ့(မ်)အသင်းတော်တွေမှာတော့၊ ညတိုင်း အဖေလုပ်သူက ကျမ်းစာဖတ်ပြီး၊ မိသားစုဆုတောင်းတယ်။ နေ့ခင်းမှာ အဖေလုပ်သူ အလုပ်သွားတယ်၊ အမေလုပ်သူက အိမ်မှာနေပြီး သားသမီးတွေကိုစောင့်ရှောက်တယ်။ ဒါ့ကြောင့် ဗုဒ္ဓဟူးနေ့ဆုတောင်းပွဲမလိုပါဘူး။ ညတိုင်းဆုတောင်းနေတာဘဲ၊ တနင်္ဂနွေနေ့ကို ဝတ်ပြုပြီးနားဖို့ သီးသန့်ဘုရားက ထားခိုင်းတာတော်ပြီပေါ့။

## တနင်္ဂနွေနေ့တွင်

တနင်္ဂနွေ(ဥပုသ်)နေ့ကိုဘုရားသခင်က "သန့်ရှင်းစေပါ"လို့မှာတော့၊ ဒီစကားစုကနေ ဘာလုပ်ရမယ်ဆိုတာကိုသိရပါတယ်။ ကျမ်းစာက "သန့်ရှင်းတယ်"လို့ပြောတာဟာ သီးသန့်ဖယ်ထားတယ်လို့ အဓိပ္ပါယ်ရပါတယ်။ ဒါကိုနားမလည်တဲ့သူတွေက ဟိုဟာမလုပ်ရ ဒီဟာမစားရနဲ့ရှောက်ပြောတော့၊ မခံချင်စိတ်နဲ့အရွဲ့တိုက်ကြတာဖြစ်တယ်။ တနင်္ဂနွေနေ့ကို ဘုရားသခင်က သူ့အတွက် သီးသန့် ဖယ်ထားပါဆိုတာကြောင့်၊ အဲဒီနေ့မှာ မနက်တကြိမ်၊ ညနေတစ်ကြိမ် နှစ်ကြိမ်ဘုရားရှိခိုးခြင်းနဲ့အသုံးပြုတာကိုပြောတာဖြစ်တယ်။

နေ့တိုင်း သုံးပါးတဆူဘုရားသခင်ဟာ ကျွန်တော်တို့နဲ့ရှိပါတယ်။ ဒါပေမဲ့ တနင်္ဂနွေနေ့ဝတ်ပြုချိန်မှာတော့ အထူးတလယ်ကျွန်တော်တို့စီမှာ နေပြီး၊ မိမိရဲ့တကယ့်အသံတော်(ခရစ်တော်ရဲ့အသံတော်)အားဖြင့် ကောင်းချီးပေးပါတယ်။ နေ့တိုင်း ကျမ်းစာဖတ်ဆုတောင်းတဲ့အခါ၊ တနင်္ဂနွေနေ့ဝတ်ပြုခြင်းမလုပ်ရင် ကျမ်းစာဟာ ပိတ်ထားတဲ့စာတအုပ်လို တနေ့တခြားဖြစ်လာပါတယ်။ တနင်္ဂနွေနေ့မှာ နှစ်ကြိမ် စစ်မှန်စွာကျမ်းစာကိုအနက်ဖွင့်ဟောကြားတဲ့ဘုရားကျောင်းမှာ ဝတ်ပြုရင်၊ ကျမ်းစာဟာ တနေ့တခြား ပွင့်ပွင့်လာပါတယ်။ သားသမီးတွေလည်း ဘုရားတရားပို၍ကြောက်ရွံ့ရှိသေ လိမ္မာလာပါတယ်။ ပွဲတော်မင်္ဂလာကိုသုံးဆောင်တဲ့အခါမှာ ဝိညာဉ်အသက်ဟာပို၍လန်းဆန်းစွာ ရှင်သန်လာပါတယ်။ အလုပ်ထဲမှာလည်း ပိုပြီးတော့အဆင်ပြေလာပါတယ်။ တခုတော့ရှိတာပေါ့၊ ကြုံရာဘုရားကျောင်းတက်တိုင်းကနေ အဲဒီကောင်းချီးမရပါဘူး။ ခရစ်တော်ရဲ့အသံကိုတကယ်ကြားရတဲ့အသင်းတော်ကိုတော့ ရွေးရမှာ ဖြစ်တယ်။

တနင်္ဂနွေနေ့မှာ အလုပ်မလုပ်ရဆိုတာကိုဆက်ရှင်းပါမယ်။ ဟီဗရူးစကားကိုကြည့်ရင်၊ ပရောဖက်ရှင်နယ်အလုပ်လို့ဆိုလိုရာရောက်ပါတယ်။ ဆိုလိုတာက အသက်မွေးဝမ်းကျောင်းအလုပ်ကိုပြောတာပါ။ နေ့စဉ်ထွင်းချက်တာ၊ ရေခပ်တာ၊ မီးထွန်းတာတွေကိုပြောတာမဟုတ်ပါဘူး။ ဒါ့ကြောင့် ဒီနေ့ခေတ် ဂျူးတွေက သူတို့ရဲ့ဥပုသ်နေ့မှာ လျှပ်စစ်မီးတောင်မဖွင့်ဘူးဆိုတာ၊ ကျမ်းစာပြောတာမဟုတ်ဘူး။ သူတို့ဘာသာ အယူသီးတာဖြစ်တယ်။ ပုံမှန်ဝင်ငွေရအောင်လုပ်နေကျအလုပ်တွေကနေ နားတာဖြစ်တယ်။ ဒါတောင်မွေးမြူရေးသမားကတော့ နားလို့မရပါ၊ သူ့တိရိစ္ဆာန်တွေကို တနင်္ဂနွေဟေ့ နားကြ ငါလည်း ဘုရားကျောင်းသွားမယ်၊ ပြောလို့မရပါ၊ သူတို့ကို ကြွေးစရာရှိတာကြွေးမှရပါမယ်။ မဟုတ်ရင် တကောင်နဲ့တကောင် ကိုက်ဖြတ်ကြမှာဖြစ်တယ်။ ဒါ့ကြောင့် တနင်္ဂနွေနေ့ဆိုတာ ဘုရားသခင်က ကျွန်တော်တို့ ကောင်းချီးခံရဖို့ လုပ်ပေးထားတာဖြစ်တယ်။ ပိုပြီးခက်ခဲအောင်လုပ်နေတာမဟုတ်ပါဘူး။

အိမ်မှာထွင်းချက်စရာလိုမယ်၊ ဒါပေမဲ့ အဝတ်လျှော်စရာတော့မလိုပါဘူး။ တချို့အမေတွေက တနင်္ဂနွေမှ အဖေကအလုပ်နားတော့ အဲဒီနေ့မှာကို မျိုးစုံအိမ်အလုပ်တွေ အဖေ့ကိုခိုင်းချင်ကြတယ်။ ဒါဟာ ဘုရားသခင်ကို အမေတွေစော်ကားတာဘဲဖြစ်

တယ်။ မဖြစ်မနေအလုပ်ကလွဲလို့ တနင်္ဂနွေနေ့မှာ ဘုရားကျောင်းသွား ကျမ်းစာအနက်ဖွင့်ဟောကြားတာနားထောင်ဖို့ဘဲ အစိကအချိန်သုံးရမှာဖြစ်တယ်။ ဒါဆိုရင် အိမ်ထောင်စုတစ်စုလုံးကို ဘုရားသခင်က သူ့ပဋိညာဉ်ကောင်းချီးနဲ့ ပြည့်ဝစေမှာဖြစ်တယ်။

ဒါကို သိသိကြီးနဲ့ဆင်ခြေမျိုးစုံတက်လို့မဖြစ်ပါဘူး။ ကျွန်တော်/ကျွန်မရဲ့အားနည်းချက်ပါလို့ ဘုရားသခင့်ထံမှာ နောင်တရတောင်းပန်ရမှာဖြစ်တယ်။ တနင်္ဂနွေနေ့မှာ သခင်ယေရှု ကျွန်တော်တို့အပြစ်တွေအတွက် အသေခံခြင်းကနေ သုံးရက်ပြည့်လို့ ထမြောက်ရာနေ့လည်းဖြစ်တော့၊ ခရစ်တော်ရဲ့ပြီးပြည့်စုံးသောလုပ်ကိုင်ပေးခြင်း၊ ကယ်တင်ခြင်းကို သတိရခံစားကြတာလည်းဖြစ်ပါတယ်။ ဒါ့ကြောင့် တနင်္ဂနွေနေ့ဟာ ကျွန်တော်တို့ရဲ့အပြစ် ကျိန်ခြင်း နတ်ဆိုး မျိုးစုံသောအရာတို့ကိုမလုပ်ရမနေနိုင်အောင် ကျွန်ဖြစ်ခြင်းတွေ စတာတွေကနေ လွတ်ငြိမ်းလို့ကြွေးကြော်ရတဲ့အချိန်ဖြစ်ပါတယ်။ ဒါ့ကြောင့် တနင်္ဂနွေနေ့ကို သီးသန့်ဖယ်ထားပြီး အချိန်တွေကို စနစ်တကျအသုံး ပြုကြရမှာဖြစ်တယ်။ (ဆရာဆန်ကဲ)